**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

**၂၀ ရက်မြောက်နေ့အစီအစဉ်**

**[ ၆–၈–၂၀၁၂ ] (တနင်္လာနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **အမှတ် ၃ လမ်းမကြီးအား ၄ လမ်း သို့မဟုတ် ၆ လမ်းသွား လမ်းမကြီးအဖြစ် အမြန်ဆုံး ဆောင်ရွက်ပေးနိုင်မှု ရှိ/ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **B.O.T ယူထားသည့် ကုမ္ပဏီ များအကြား စာချုပ်ချုပ်ဆိုထားသည့် စာချုပ်ပါ အချက်များကို ပြည်သူလူထုသို့ အသိပေးနိုင်ခြင်းရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်၏ **မဟာသင်္ကြန်ရုံးပိတ်ရက်ကို ၄ ရက် သို့မဟုတ် အကြွတ် ၂ ရက် ဖြစ်ပါက ၅ ရက်သာ ပြန်လည် သတ်မှတ်ပေးရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၆။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **"မြန်မာ့ရိုးရာ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ အမျိုးသား ယဉ်ကျေးမှု မြှင့်တင်ရေး စီမံချက်ချဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း "** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ် များက ဆွေးနွေးခြင်း–

(က) ဦးဝင်းကို၊ ဆီဆိုင် မဲဆန္ဒနယ်။

(ခ) ဒေါက်တာဒေါ်သန်းငွေ၊ ကလော မဲဆန္ဒနယ်။

(ဂ) ဦးဝင်းထိန်၊ မိတ္ထီလာ မဲဆန္ဒနယ်။

(ဃ) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်။

(င) ဦးအောင်ဆန်း၊ ပန်းဘဲတန်း မဲဆန္ဒနယ်။

(စ) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်။

(ဆ) ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင် မဲဆန္ဒနယ်။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **"၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၉။ **"၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ (သို့မဟုတ်) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **"၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်း"**ကို လွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း နှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၂၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ၂၁ ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။